

# ပုရွက်ဆိတ်တကောင်ရဲ့ ခွန်အား

ကျမတို့ငယ်ငယ်ကထွက်တဲ့ ရွှေသွေးဂျာနယ်က စာရေးဆရာတွေဟာ အရေးအသားသိပ်ကောင်းသလောက် နောင်တခေတ်မှာ လူကြီး ဖြစ်လာမယ့်ကလေးတွေကို လူကောင်းလေးတွေဖြစ်စေချင်တဲ့ စေတနာ၊ အများကောင်းကျိုးနဲ့သက်ဆိုင်တဲ့ စိတ်ထားလေးတွေထား တတ်ဖို့တို့လည်း အပြည့်ရှိခဲ့ပုံရတယ်။ ကျမဖတ်မိသမျှ ကာတွန်းအတိုအထွာလေးထဲက အကြောင်းအရာမှန် သမျှကို ကျမ မှတ်မိနေ တာများတယ်။

ကလေးဖတ်စာပေဆိုတော့ ထုံးစံအတိုင်း ဟိုးရှေးရှေးတုန်းကနဲ့ အစချီတာပေ့ါ။

ဟိုးရှေးရှေးတုန်းက အလွန်သာယာလှပတဲ့တောအုပ်ကြီးတခုမှာ ကျေးငှက်သာရကာတွေ၊ ယုန်လေးတွေ၊ သမင် ဒရယ်လေးတွေ၊ ဆင် ကြီးတွေ၊ ကြံ့ကြီးတွေ အတူတကွပျော်ရွှင်စွာ နေထိုင်နေကြသတဲ့။ တနေ့တော့ မမျှော်လင့်ဘဲ လေကြီးမိုးကြီးတွေ ကျပြီး ပြင်းထန်လှတဲ့ မုန်တိုင်းကြီး ကျလာသတဲ့။ သစ်ပင်ကြီးတွေကလည်းလေပြင်းဒဏ်ကို မခံနိုင်တော့ဘဲ တဝုန်းဝုန်း ကျိုးပြတ် ပျိုလဲ ကျကုန်ကြပြီး အင်မ တန် လှပသာယာခဲ့တဲ့ တောအုပ်ကြီးဟာ အပျက်အစီးတွေ၊ သေကြေဒဏ်ရာရကုန်ကြသူတွေ၊ အော်ဟစ် ညည်းညူသံတွေနဲ့ စိတ်မချမ်း မြေ့ဖွယ်ရာဖြစ်သွားတော့သတဲ့။

မုန်တိုင်းစဲသွားတဲ့အခါမှာ တိရစ္ဆာန်လေးတွေဟာ ကိုယ့်နေရာကိုပြန်လာကြ ကိုယ့်လူကိုယ်ရှာကြနဲ့ပေ့ါ။ တနေရာမှာတော့ သမင်လေး တကောင်ဟာ ပြေးရင်းလွှားရင်း ကံဆိုးမိုးမှောင်ကျပြီး သစ်ပင်ကြီးပိနေရှာသတဲ့။ သူ့ခမျာ သေလုမတတ် ရှုန်းနေပေမယ့်လို့ သစ်ပင်ကြီးရဲ့ အလေးချိန်ကိုတော့ သူ့ခွန်အားလေးနဲ့လွတ်အောင်မရုန်းနိုင်ရှာဘဲ မျော့မျော့လေးပဲ ကျန်တော့တဲ့ အချိန် မှာ သူ့ရဲ့ ဆွေမျိုးသားချင်းတွေ၊ သူငယ်ချင်းမိတ်ဆွေတွေက သူ့ကိုတွေ့လိုက်ကြရတယ်။

သူတို့အားလုံးဟာ သစ်တုံးကြီးတတုံးကိုရှာဖွေ ကုတ်လိုအသုံးချပြီး သမင်လေးရဲ့ ကိုယ်ပေါ်က သစ်ပင်ကြီးကို ကြွတက်လာအောင် မဖို့ ကြိုးစားကြတယ်။ သစ်ပင်ကြီးကကြွတော့ကြွလာပေမယ့် သမင်လေးလွတ်မြောက်လောက်အောင်တော့ ကြွမလာ သေးဘူးဖြစ်နေတယ်။ သူတို့အနားမှာရှိတဲ့ တိရစ္ဆာန်လေးတွေအကုန်လုံးဝင်ပါပြီး ဝိုင်းမကြပေမယ့် မဆိုစလောက်အားလေး နည်းနည်းထပ်ရမှ ဒီသမင်လေး လွတ်နိုင်မယ်ဆိုတာ သူတို့အားလုံးသိနေကြသတဲ့။

အဲဒီအချိန်မှာ မုန်တိုင်းကြားမှာ ပြေးလွှားရင်း ဆာလောင်မောပန်းနေတဲ့ ဝံပုလွေတအုပ်ကလည်း အဲဒီသမင်လေးကို စားဖို့ ချောင်းနေကြ သတဲ့။ တကယ်လို့ ကူညီနေတဲ့သူတွေကသာ မရတော့ပါဘူးကွာဆိုပြီး လက်လျှော့လှည့်ထွက် သွားကြမယ်ဆိုရင် သမင်လေးဟာ အစာ ရေစာငတ်ပြီး မသေခင် ဝံပုလွေတွေရဲ့ ညစာအဖြစ်နဲ့သေပေးရတော့မှာပါ၊

သမင်လေးရဲ့ အသက်ကို ကယ်တင်ဖို့ ကူညီနေကြတဲ့ မိတ်ဆွေတွေဟာ အကြိမ်ကြိမ် ရပ်နားလိုက် ကြိုးစားလိုက်နဲ့ အချိန်တွေ အတော် ကုန်လာသတဲ့။ အဲဒီလိုနဲ့ နောက်တကြိမ် ခဏနားချိန်မှာ ဒရယ်လေး တကောင်က အကူအညီထပ်ရလိုရငြား အရပ်ရှစ် မျက်နှာကို ပတ်ချာလှည့်ပြီး ရှာဖွေကြည့်လိုက်တဲ့အခါမှာ သူတို့အထက်က သစ် ပင်ကြီးတပင်ပေါ်ကနေ သူတို့ကို တိတ်တဆိတ် ငုံ့ကြည့်နေတဲ့ ပုရွက်ဆိတ်လေးတကောင်ကိုတွေ့လိုက်ရသတဲ့။ ဒါနဲ့ ဒရယ်လေးက “ ဟေ့ ကိုပုရွက်ဆိတ်၊ ခင်ဗျားဗျာ နေနိုင် လိုက်တာ။ ဒီမှာ ကိုယ့်သူ ငယ်ချင်းတယောက် သေဘေးနဲ့တွေ့နေရတာကို ခင်ဗျားဒီလိုပဲ ကြည့်နေရသလား” လို့ အပစ်တင် လိုက်သတဲ့။

အဲဒီတော့ ပုရွက်ဆိတ်ကလေးက “ကျနော် နေနိုင်လို့နေနေတာ မဟုတ်ရပါဘူးဗျာ၊ ကျနော့်ခန္ဓာကိုယ်က ဒီလောက်သေးတာ။ ကျနော့်ရဲ့ မဖြစ်စလောက်အင်အားလေးနဲ့ သမင်လေးလွတ်အောင်ဝင်မကူပေးနိုင်လို့ ဝမ်းနည်းနေတာပါ”လို့ ပြန်ရှင်းပြရှာတယ်။ အဲဒီ စကားကို ကြားလိုက်တဲ့ ဆင်ကြီးက ဝမ်းသားအားရထပြီး ဒီလိုပြောလိုက်ပါသတဲ့။

“ဟေ့ ပုရွက်ဆိတ်ကလေးရေ၊ ငါတို့မှာလိုနေတာလည်း သိပ်များတဲ့အင်အားမဟုတ်တော့ပါဘူး၊ မင်းရဲ့အားလေးသာ ပေါင်းလိုက်ရင် လွတ်နိုင်လောက်တဲ့ အင်အားတွေကတို့မှာရှိနေနှင့်ပြီးနေပါပြီ။ မင်းသာပါလာရင် သမင်လေး တကယ်ပဲလွတ်မှာ ပါကွာ”

အဲဒီအခါမှာ သူ့အတွေးနဲ့သူ အားငယ်ပြီး အများကိုဝင်မကူဘဲ ဘေးထွက်နေတဲ့ ပုရွက်ဆိတ်လေးဟာ သူ့ကိုလိုအပ်နေကြတယ် ဆိုတာ ကြားလိုက်တာနဲ့တပြိုင်နက်တည်း “ဟာ ဒီလိုဆိုရင် ကျုပ်လဲ ပါမှာပေ့ါဗျာ” လို့ဝမ်းသာအားရပြန်ပြော လိုက်သတဲ့။




ဒီလိုနဲ့ သမင်လေးရဲ့ မိတ်ဆွေတွေဟာ ရှေးနည်းတူပဲ ကုတ်လုပ်ထားတဲ့ သစ်တုံးကြီးကို နောက်တကြိမ်ခွန်အား အကုန်သုံးပြီး ပြိုင်တူ မလိုက်ကြသတဲ့။ သမင်လေးကိုယ်ပေါ်က သစ်ပင်ကြီးဟာ မဆိုစလောက်လေးကြွတက်လာသတဲ့။ သမင်လေးကလည်း သူ့မှာရှိနေတဲ့ နောက်ဆုံးခွန်အားလေးကိုအကုန်ထုတ်ပြီး ရုန်းထလိုက်ချိန်မှာပဲ ပုရွက်ဆိတ်လေးက ငါလာပြီဟေ့ လို့ ကြွေးကြော်အော်ဟစ်ရင်း ကုတ်ပေါ်ကို ခုန်ချလိုက်သတဲ့။ အဲဒီအခါမှာ ကုတ်ကြွတက်လာဖို့လိုနေတဲ့ အားလေးပြည့်သွားတာနဲ့ သမင်လေးလဲ လွတ်မြောက်သွားတော့တယ်။

သမင်လေးနဲ့တကွ အားလုံးသော တိရစ္ဆာန်လေးတွေဟာ ပုရွက်ဆိတ်လေးကို ဝိုင်းဝန်းချီးကျူးစကားဆိုကြပြီး ပုရွက်ဆိတ်လေးကို တောဘုရင်လေးလို့ ဘွဲ့ပေးလိုက်ကြတယ်။

အဲဒီအခါမှာ ပုရွက်ဆိတ်ဘုရင်လေးက သမင်သားစားဖို့ချောင်းနေ တဲ့ ဝံပုလွေတွေဘက်ကိုလှည့်ပြီး "ပုရွက်ဆိတ်ဘုရင်၊ ငါကယ်တင်သည်။ သင်ဝံပုလွေများ ဝေးရာရှားလော့ " လို့ ရာဇမာန်ပါပါ မောင်းထုတ်လိုက်ပါတော့တယ်။

ကျမမျက်စိထဲမှာ သစ်ရွက်သရဖူဆောင်းပြီး တုတ်ချောင်းနှင်တံလေးကိုင်ထားတဲ့ ပုရွက်ဆိတ်ဘုရင်လေးနဲ့ အမြီးကုတ်ပြေး ကုန်ကြတဲ့ ဝံပုလွေအုပ်ကို ပြန်တွေးတိုင်း မြင်ယောင်နေမိတတ်ပါတယ်။ အခုချိန်အထိလည်း ကလေးဘဝက သဘောကျ နှစ်ခြိုက်မှုမျိုးကို ထပ်တူ ခံစားနှစ်ခြိုက်မိနေတုန်းပါပဲ။

အခု ကျမတို့ချစ်တဲ့ အမိမြန်မာပြည်ကြီးဟာ သစ်ပင်ပိပြီး သေဘေးကြုံနေတဲ့ သမင်လေးနဲ့တူပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်၊ စီအာရ်ပီပီ၊ အမျိုးသားညွန့်ပေါင်းအစိုးရ အပါအဝင် စတဲ့နိုင်ငံ့အရေး လှုပ်ရှားနေတဲ့ အဖွဲ့များနဲ့ အမျိုးသားရေးအတွက် ကိုယ်ကျိုးစွန့်လွှတ်ပြီး ပြည်တွင်းပြည်ပလှုပ်ရှားနေသူများကတော့ သမင်လေးကို ကယ်တင်ဖို့ ဦးဆောင်ကြိုးစားနေကြတဲ့ အင်အားကြီးတဲ့ ဆင်၊ ကြံ့၊ စတဲ့အကောင်ကြီးတွေဆိုပါတော့။

ကျမတို့ပြည်သူတယောက်ချင်းစီမှာ ပုရွက်ဆိတ်ကလေးတကောင်ရဲ့ အင်အားလေးတွေတော့ ကိုယ်စီရှိနေကြပါတယ်။ ကျမတို့ထည့်ရမယ့် မဲတပြားဟာ ကုတ်ပေါ်ခုန်ချလိုက်တဲ့ ပုရွက်ဆိတ်ကလေးရဲ့အင်အားမျိုးပါ။

**ဝင်မပါရင်ဘယ်လိုမှမဖြစ်တဲ့ လွတ် မြောက်ရေးအင်အားပါ။**

အဲဒီလွတ်မြောက်ရေးအင်အားကို ကျမတို့က လမ်းပေါ် ထွက်ပြီး ဆန္ဒပြတဲ့နည်းနဲ့ သွေးမြေကျအောင် အသုံးချဖို့လည်းမလိုပါ။

**ပုရွက်ဆိတ်တကောင်ချင်းစီရဲ့ အင်အားနဲ့အလေးချိန်ဟာ သမင်ကလေးလွတ်မြောက်ဖို့အတွက် အဆုံးစွန်သော လိုအပ်ချက် ဖြစ်သလိုမျိုး...**

**ကျမတို့လက်ထဲရောက်လာမယ့်မဲတပြားပေါ်မှာ ကျမတို့ရဲ့ မွေးရာပါအခွင့်အရေးကိုအသုံးချပြီး ကိုယ်လက်မခံနိုင်တဲ့ အစိုးရ၊ ကိုယ်မနှစ်သက်တဲ့ ဥပဒေပုဒ်မတွေကို လက်မခံကြောင်း ငြင်းဆန်ကြယုံလေးပါပဲ။**

**ဒါကို သွေးမဲ့တော်လှန်ရေးလို့ ဒါမှမဟုတ် အကြမ်းမဖက်ဆန့်ကျင်ရေးလို့တောင် ကျမတို့ခေါ်ဆိုနိုင်ပါတယ်။**

ခွာညို
(၁၁၊ ၃၊ ၂၀၀၇)